## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## လားရှိုးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၁)

# (Village Development Project)

# နမ့်တွန်းကျေးရွာအုပ်စု၊ လွယ်ငူးကျေးရွာ

**ပြုစုရေးဆွဲသူ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**လွယ်ငူးကျေးရွာ၊ လားရှိုးမြို့နယ်**

**(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)**

## ၂၀၂၁ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **လွယ်ငူးကျေးရွာသယံဇာတပြမြေပုံ၊ လားရှိုးမြို့နယ်** | ၆ |
| | **လွယ်ငူးကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လားရှိုးမြို့နယ်** | ၇ |
| | **လွယ်ငူးကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လားရှိုးမြို့နယ်** | ၈ |
| | **အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ** | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၉ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၉ |
| ၃။ | **လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** | ၉ |
| | (က) **လူဦးရေဆိုင်ရာအချက်အလက်များ** | ၉ |
| | (ခ) **စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု** | ၁၀ |
| | (ဂ) **ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု** | ၁၁ |
| ၄။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၁၁ |
| ၅။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၁၂ |
| | (က) သီးနှံစိုက်ပျိုးရေး | ၁၂ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၃ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၄ |
| | (ဃ)**ရွှေ့ပြောင်းလုပ်သားများ** | ၁၄ |
| | (င) **ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်** | ၁၄ |
| | (စ) **ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု** | ၁၅ |
| ၆။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၅ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၅ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၅ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၅ |
| ၇။ | **ပညာရေး** | ၁၅ |

| | | |
|---|---|---|
| ၈။ | **ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၆ |
| ၉။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၇ |
| ၁၀။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၇ |
| ၁၁။ | **ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး** | ၁၇ |
| ၁၂။ | **ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး** | ၁၇ |
| ၁၃။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၈ |
| | **အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်** | |
| | စီမံချက်အဆိုပြုလွှာ(၁) | ၂၀ |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၂၂ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၃ |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၇၁ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါ သည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေး သောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း များက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှ လည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက် မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက် မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

**ဩဂုတ်လ၊၂၀၂၁**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**လွယ်ငူးကျေးရွာ**
**လားရှိုးမြို့နယ်**

**လွယ်ငူးကျေးရွာသယံဇာတပြမြေပုံ၊ လားရှိုးမြို့နယ်**



**လွယ်ငူးကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လားရှိုးမြို့နယ်**


Jan
Feb
Mar
Apr
May
Jun
Jul
Aug
Sep
oct
Nov
Dec

## လွယ်ငူးကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လားရှိုးမြို့နယ်



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### ၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်မတို့လွယ်ငူးကျေးရွာသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တည်ရှိပါသည်။ ပထဝီအနေအထားအရ ကျွန်မတို့ရွာသည် အနောက်ဘက်တွင် တည်ရှိပါသည်။ ကျွန်မတို့ရွာနှင့် အနီးဆုံးဈေးမှာ ဟိုပိတ်ဈေးဖြစ်ပြီး အကြီးဆုံးဈေးမှာ လားရှိုးဈေးဖြစ်ပါသည်။ ကျွန်မတို့ရွာသည် ဟိုပိတ်ဈေးမှ (၁၀)မိုင်မှ (၁၅)မိုင်အကွာအဝေးရှိပြီး လားရှိုးဈေးမှာ (၁၁)မိုင်မှ (၂၀)မိုင် အကွာအဝေးရှိပါသည်။ သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကိုသာ အသုံးပြုပြီးသွားလာကြပါသည်။ အနီးဆုံး ဟိုပိတ်ဈေးတွင် ဝန်ဆောင်မှုအသင့်အတင့်ရှိပြီး အကြီးဆုံးဈေးလားရှိုးဈေးတွင်သာ ဝန်ဆောင်မှုအများဆုံး ရရှိပါသည်။

ကျွန်မတို့ရွာသည် အခြားတွင်းထွက်ဖြစ်သော ကျောက်၊သဲ၊ကျောက်စရစ်များကို ယခင်ကလည်း မရှိခဲ့ပါ။ ယခုတွင်လည်းမရှိခဲ့ပါ။ လွန်ခဲ့သောနှစ်တွင် ကျွန်မတို့ရွာတွင် သစ်တောများရှိသည်။ ယခုတွင် ရွာသူ/ရွာသားများသည် သစ်တောများကို စည်းကမ်းမဲ့စွာခုတ်ခြင်းကြောင့် သစ်တောများ ပြုန်းတီးရပါသည်။ ကျွန်မတို့ရွာသည် သဘာဝအပင်မျိုးစိတ်နှင့် ဆေးဘက်ဝင်အပင်များကို ရရှိနိုင်ပါသည်။ နွားစာအပင်များကိုလည်း ရရှိနိုင်ပါသည်။ သို့သော် ယခုအခါတွင် တောမီးလောင်မှုကြောင့် အချို့ဆေးဘက်ဝင်အပင်များကို မရရှိနိုင်တော့ပါ။

### ၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

#### (က) လူဦးရေဆိုင်ရာအချက်အလက်များ

လွယ်ငူးကျေးရွာတွင် ရှမ်းလူမျိုးအများစုနေထိုင်ကြပြီး လူဦးရေစုစုပေါင်း(၂၆၃)ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား( ၉၅)ဦး၊ မ (၉၃)ဦး စုစုပေါင်း(၁၈၈)ဦး ရှိပါသည်။ နို့စို့အရွယ်ကလေးမ (၁)ဦး၊ (၅)နှစ်အောက်ကလေး ငယ်မှာ ကျား( ၆ ) ဦး၊ မ(၆) ဦး၊ မူလတန်းကျောင်းသားအရွယ်

ကျား(၇ ) ဦး၊ မ(၁၁) ဦး၊ အလယ်တန်းကျောင်းသားအရွယ် ကျား( ၁၅ ) ဦး၊ မ(၁၁ ) ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား ( ၆၁ ) ဦး၊ မ( ၅၇ ) ဦး၊ သက်ကြီးရွယ်ကြီးတွင် ကျား( ၇ ) ဦး၊ မ (၅) ဦးရှိပါသည်။ မွေးကင်းစကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ မိဘအများစုသည် ကလေးများကို ကာကွယ်ဆေးထိုးပေးကြပြီး တစ်ချို့သောမိဘများသည် ကလေးများဖျားနာမည်စိုးသော ကြောင့် ကာကွယ်ဆေးမထိုးပေးကြပါ။ မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များ ကို မူကြိုကျောင်းထားပြီး ဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ ကျွန်မတို့လွယ်ငူးကျေးရွာ တွင် အလုပ်လုပ်ကိုင်နေကြသော ဖခင်နှင့်မိခင်အများစုဖြစ်ပြီး သား/သမီးတို့သည် ကျောင်း တက်ခြင်းနှင့် ငွေရှာခြင်းရှိသည်။ အလုပ်လုပ်ကိုင်နေသောလူဦးရေမှာ (၆၆)ဦးဖြစ်ပြီး ကျန်(၁၂)ယောက်မှာ အသက်ကြီးသူဖြစ်ပြီး သား/သမီးလုပ်ကျွေးခြင်းသာ ဖြစ်ပါသည်။ လူငယ်များသည်လည်း ကျောင်းနားချိန်တွင် မိဘများကို အလုပ်ဝိုင်းကူလုပ်ကြပါသည်။ စပါးတိုးငွေတိုးများကများသောကြောင့် ပြန်ဆပ်ချိန်တွင် စပါးအထွက်မကောင်းလျှင် ဝမ်းစာအတွက် အဆင်မပြေသောမိသားစုများလည်းရှိသည်။ ကျွန်မတို့ရွာတွင် အလုပ်လုပ်ကိုင်သူများပြီး ထိုင်စားသူမှာ အနည်းငယ်သာရှိသည်။ အလုပ်လုပ်ကိုင်သူများသည် စားဝတ်နေရေးပြေလည်ရုံနှင့် အကြွေးဆပ်နိုင်ရုံသာဖြစ်သည်။ တစ်နှစ်လုပ်တစ်နှစ်စားဖြစ်ပြီး တစ်ချို့အိမ်ထောင်စုများသည် တစ်နှစ်စာမလုံလောက်ပါ။ ကျွန်မတို့ရွာတွင် ကိုယ်ပိုင်ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကိုလုပ်ကိုင်ကြပါသည်။ ရွှေ့ပြောင်းတောင်ယာဖြစ်သောကြောင့် အထွက်နှုန်းလည်း မတူညီကြပါ။

### (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်မတို့ လွယ်ငူးကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ပြောင်းနှင့်စပါးကို အဓိကစိုက်ပျိုးပါသည်။ ကျွန်မတို့ရွာတွင် ကျေးရွာ၏ စိုက်ပျိုးမြေမှာ ရွှေ့ပြောင်း လုပ်ကိုင်သူများဖြစ်၍ မြေယာများ မပိုင်ဆိုင်ကြပါ။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေးတွင် တစ်နှစ်လျှင် မြေကေ(၄)ကေလောက်သာ

စိုက်ပျိုး ရပါသည်။

ကျွန်မတို့ရွာတွင် လခစားအလုပ်သမား၏ တစ်ရက်ဝင်မှာ ကျား၊ မ၊ တစ်ရက်လျှင် (၆၀၀၀)ရပါသည်။ ကျား/မမခွဲခြားဘဲ တန်းတူအခွင့်အရေးရပါသည်။ ကျွန်မတို့ကျေးရွာတွင် မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးကြရပါသည်။ ကျွန်မတို့ရွာ၏ တောင်ယာများသည် ရွာပိုင်ဖြစ်သောကြောင့် တစ်နှစ်လျှင်တစ်နေရာပြောင်းရွှေ့လုပ်ကိုင်ကြရပါသည်။ မွေးမြူရေးတွင် ကြက်၊ ဝက်၊ ကျွဲတို့ကိုသာ မွေးမြူကြပါသည်။ နေ့စားကျပန်းအလုပ်သမားများရွာတွင် မရှိပါ။ များသောအားဖြင့် ကိုယ်တိုင်လုပ်ကိုင်ကြပြီး ငှားရမ်းလုပ်ကိုင်သူမရှိပေ။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်မတို့လွယ်ငူးကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ကျွန်မတို့ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုမရှိပေ။ အိမ်ထောင်စုတိုင်းသည် ထမင်းကိုနပ်မှန်အောင် စားနိုင်သောက်နိုင်ကြပါသည်။ ကျေးရွာတွင် ပိုက်ဆံကို ငွေတိုးချေးစားသူများထံမှ ချေးယူရရှိနိုင်ပါသည်။ ကျေးရွာတွင် တောင်ယာများသည် ရွာပိုင်ဖြစ်သောကြောင့် မြေယာပိုင်ဆိုင်မှုမရှိပါ။ စိုက်ပျိုးရာတွင် စပါးမှာတစ်နှစ်လျှင် တင်း(၃၀)မှ (၅၀)တင်းအများဆုံးထွက်ရှိပါသည်။ ကျွန်မတို့ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုသိပ်မရှိပေ။ စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။ သဘာဝအရင်းအမြစ် ရှားပါးမှု မရှိပါ။ တိရစ္ဆာန်ကူးစက် ကျရောက်မှု အနည်းငယ် ရှိပါသည်။ သစ်တောပြုန်းတီးခြင်းများ ရှိပါသည်။ သစ်ဝါးများကို ခုတ်ယူသုံးစွဲကျသော်လည်း သစ်ပင် များ စိုက်ပျိုးခြင်းမရှိပါ။ ဥပမာအားဖြင့် ကာကွယ်ထိန်းသိမ်းမှု၊ ပညာပေးမှု အားနည်း ကြောင်း တွေ့ရှိရပါသည်။ ကျွန်တော်တို့ရွာတွင် သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုကြောင့် မိုးခေါင်ခြင်းများ ရှိပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်မတို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ဘာသာရေးအဖွဲ့တို့ဖြစ်ပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊

သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ပြည်သူများလိုအပ်သော အကူအညီများကိုအားတက်သရော ကူညီ ဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်းအဖွဲ့များသည် ရပ်ရွာအကျိုးများကို ရွာသူရွာသားများ နှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

ကျွန်မတို့လွယ်ငူးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေသော ပြင်ပအဖွဲ့အစည်း များ မရှိပါ။

## ၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျွန်မတို့ လွယ်ငူးကျေးရွာတွင် တောင်ယာများသည် ရွာပိုင်ဖြစ်သောကြောင့် မြေကေ ပိုင်ဆိုင်မှုမရှိကြပါ။ လွယ်ငူးကျေးရွာ၏ လယ်မြေမြေဆီလွှာ အရည်အသွေးမှာ အသင့်တင့် သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်ထည့်နိုင်မှသာလျှင် သီးနှံအထွက်နှုန်း ကောင်းမွန် နိုင်ပါသည်။ ယာမြေများလည်း ထိုနည်းဖြင့် ဖြစ်ပါသည်။ ကျွန်မတို့ရွာတွင် သီးနှံများကို သီးခြားစိုက်ခြင်းမရှိဘဲ စပါးနှင့်တကွ ရောစိုက်ပါသည်။ ထွက်ရှိလာသော သီးနှံများကို ရောင်းချပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုအတွက် အဖွဲ့လိုက်ငွေစုငွေကြေးမှ ချေးယူရရှိပါသည်။ ဓာတ်မြေဩဇာ များကိုလည်း အလွယ် တကူမဝယ်ယူနိုင်ပါ။

ကျွန်မတို့ လွယ်ငူးကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ စပါး၊ ပြောင်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။ မိုးရာသီကိုသာမှီခို၍ တစ်သီးစားသာ စိုက်ပျိုးကြပါသည်။ မြေဆီလွှာအနေအထားမှာ တဖြည်းဖြည်း ညံ့ဖျင်းလာသည်ကို တွေ့ရှိရ ပါသည်။ သဘာဝမြေဩဇာများထက် ဓာတ်မြေဩဇာများကို နှစ်စဉ်ဝယ်ယူသုံးစွဲနိုင်ပါသည်။ ယခုနှစ်တွင် ငမြှောင်တောင်ပိုးကဲ့သို့သော ဖျက်ပိုးများကျရောက်သဖြင့် တောင်သူများအတွက် အခက်အခဲတွေ့ကြုံရင်ဆိုင်ရပါသည်။ ထို့အပြင် ပေါင်းဓာတ်၊ ဆေးပိုးသတ်ဆေးများကို ဝယ်ယူ သုံးစွဲရသောကြောင့် သွင်းအားစုသုံးငွေကို ပို၍အသုံးပြုနေရပါသည်။ တိကျခိုင်မာသော ဈေးကွက်မရှိခြင်းသည်လည်း တောင်သူများအတွက် အခက်အခဲ ရှိပါသည်။ ပြောင်းအထွက်နှုန်း မှာ တစ်ဧကေ ပျမ်းမျှ(၅၀)တင်း ထွက်ပါသည်။ စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ ဩဂုတ်လ အထိဖြစ်ပြီး အမြတ်ရရှိမှုမှာနည်းပါသည်။အမြတ်ရရှိနိုင်မှုမှာ သီးနှံဈေးကွက်အလိုက် အတက်အကျ ပေါ်မူတည်၍ အမြတ်ရရှိကြပါသည်။ အများအားဖြင့်မှာ

ထင်သလောက် အမြတ်မရရှိကြပေ။ သီးနှံစိုက်ပျိုးရာတွင် မြေဆီနည်းသောကြောင့် မြေသြဇာအများအပြားထည့်၍ စိုက်ပျိုးရသဖြင့် အရင်းနှီးများ၍ အမြတ်နည်းသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် လယ်ယာမြေအကုန်လုံးကို စိုက်ပျိုးနိုင်သောကြောင့် လယ်ယာမြေ အသုံးချနိုင်မှု အလွန်ကောင်းပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးငွေကို မိဘနှင့် ဆွေမျိုးများထံတွင် အတိုးနှုန်း(၂%)ဖြင့် ချေးယူ၍ ရနိုင်ပါသည်။ စိုက်ပျိုးရေ အရင်းအမြစ် သည်လည်း အသင့်အတင့်ရှိပါသည်။ထို့အပြင် ဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေး များကို လည်း နီးစပ်ရာပြောင်းဖူးပွဲရုံများထံတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံများကို ရောင်းချနိုင် သော်လည်း ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။ ကျွန်တော်တို့ရွာသည် လယ်ယာမြေကို စိုက်ပျိုးရာတွင် နည်းပညာပိုင်းဆိုင်ရာ အသိပညာလုံးဝမရှိသဖြင့် နည်းလမ်းမှန်ကန်စွာ မစိုက်ပျိုး နိုင်ခြင်းနှင့် ဖျက်ပိုးရောဂါကျရောက်မှု အနည်းငယ်ရှိခြင်းကြောင့် ပြောင်းအထွက်နှုန်း နည်းပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျွန်မတို့ကျေးရွာတွင် အိမ်ထောင်စု(၂၀)အိမ်မှ ကျွဲ(၄၂)ကောင်၊ အိမ်ထောင်စု(၂၀) အိမ်မှ ဝက်(၃၄)ကောင်၊ အိမ်ထောင်စု(၂၉)အိမ်မှ ကြက်(၂၁၄)ကောင်စသည်ဖြင့် တစ်ပိုင် တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးဖြစ်သော ကျွဲ၊ ဝက်၊ ကြက် တိရိစ္ဆာန်များကို ခွာနာ၊ လျှာနာ၊ တုပ်ကွေး၊ ဝမ်းကျရောဂါများ ဖြစ်ပွားလျှက်ရှိပါသည်။ ဆေးဝါးဗဟုသုတ ပညာ မွေးမြူကြပါသည်။ ယခုနှစ်တွင် ကျွဲ၊ နွားတိရစ္ဆာန်ပိုမို မွေးမြူလာကြသော ကြောင့် စားကျက်မြေရှားပါးမှုနှင့်လည်း ရင်ဆိုင်နေရပါသည်။ တိရစ္ဆာန်များ တွင်ကျရောက် တတ်သော နည်းပါး သောကြောင့် ဆုံးရှုံးမှုများ လည်းရှိပါသည်။ အချို့တိရစ္ဆာန်များမှာ အချိန်မီဆေးဝါး ကုသနိုင်ခြင်းမရှိသောကြောင့် မဆုံးရှုံးသင့်ပဲ တိရစ္ဆာန်များ သေဆုံးနေကြ ကြောင်းကိုလည်း လေ့လာသိရှိရပါသည်။ တိရစ္ဆာန်ရောင်းဝယ်မှု လုပ်ငန်းတွင် ယခုနှစ်တွင် ရသင့်ရထိုက်သည့် ဈေးနှုန်းများမရရှိကြောင်းကို လေ့လာတွေ့ရှိ ရပါသည်။ ကျွန်မတို့ရွာတွင် မွေးမြူရေး လုပ်ကိုင်ရန် အလားအလာအမြောက်အမြား ရှိပါသည်။ စိမ့်စမ်းရေများရှိခြင်း ကြောင့် ရေအလုံအလောက်ရရှိပါသည်။ မွေးမြူရေးလုပ်ကိုင်ရန် ချေးငွေအသင့်အတင့် ရနိုင်ပြီးအစာ၊

ဆေးများကိုလည်း နီးစပ်ရာဈေးကွက်တွင် ဝယ်ယူနိုင်ပါသည်။ လမ်းပန်း ဆက်သွယ်ရေး အသင့်အတင့်ရှိသောကြောင့် ထုတ်ကုန်များကို ရောင်းချနိုင်ပါသည်။ မွေးမြူရေးလုပ်ရန် အိမ်ခြံမြေအတွင်း မြေနေရာအသင့်အတင့် ရှိပါသည်။ ရွာတွင် မွေးမြူရေးလုပ်ကိုင်ရန် စားကျက်မြေ အသင့်အတင့်ရှိပါသည်။ ကျွန်တော်တို့ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာဝန်ဆောင်မှုများမရပါ။ မွေးမြူရေးနည်းပညာ ဝန်ဆောင် မှုများရရှိလျှင် ကျွန်တော်တို့ရွာအတွက် အလွန်အဆင်ပြေပြီး ရွာသူ/ရွာသားများအတွက် အလုပ်အကိုင်ရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့ သွားရောက်၍ စီးပွားရှာစရာ မလိုတော့ပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့် မိသားစု များမရှိပါ။ ကိုယ်တိုင်သာလုပ်ကိုင်ကြပါသည်။ ထင်းခုတ်ခြင်း၊ သစ်ဥနှင့်သစ်ဖုရှာဖွေခြင်း လုပ်ငန်း နှင့်ခြံထွက်သီးနှံများ ဈေးသို့သွားရောက်ရောင်းချခြင်း လုပ်ငန်းများမှာ ဈေးကွက်မကောင်း သောကြောင့် လုပ်သားများငှားရမ်းရန် မလိုအပ်ပါ။ လွယ်ငူးကျေးရွာသည် လမ်းပန်းဆက်သွယ် ရေး ကောင်းမွန်ပါသည်။ ကျွန်မတို့ကျေးရွာသည် မဟာဓါတ်အားလိုင်းရရှိသော ကျေးရွာဖြစ်၍ လျှပ်စစ်မီးအသုံးပြုမှု အဆင်ပြေပါသည်။

ကျွန်မတို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ဒေသ ထွက်ကုန်များရောင်းချရန် ဈေးကွက်နှင့်အသိအမြင်များမရှိ၍ ဈေးကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။ အသက်မွေးဝမ်း ကျောင်းပညာနှင့်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများလည်း လိုအပ်လျှက်ရှိပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်မတို့ကျေးရွာရှိ တောင်သူလယ်သမားအများစုသည် ငွေတိုးချေးစားသူများထံ တွင် အတိုးနှုန်း ၂%ဖြင့် ချေးငွေရယူကြပါသည်။ ချေးငွေများကို ( ၃ )လမှ (၆)လအတွင်း ပြန်၍ဆပ်ရပါသည်။ ချေးငွေကို ချေးယူရာတွင် အပေါင်ခံပစ္စည်းမလိုအပ်ပါ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့်အချိန်တွင် လိုချင်သလောက်မရပါ။

## ၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်မတို့ကျေးရွာတွင် မော်တော်ဆိုင်ကယ်(၃၉)စီးဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ အတွက် အသုံးပြုကြပါသည်။

ကျွန်မတို့ကျေးရွာတွင် ရွာတွင်းလမ်း(၄)လမ်းရှိပါသည်။ ကတ္တရာလမ်းမကြီးတစ်လမ်း၊ မြေသားလမ်း (၃)လမ်းဖြင့် ဖွဲ့စည်းထားပါသည်။ ကျေးရွာ၏လမ်းများကို ဆယ်နှစ်ရာသီ သုံးစွဲရန် အခက်အခဲများရှိပါသည်။ ခြောက်သွေ့သောကာလရာသီတွင် လွယ်ကူစွာ အသုံးပြု နိုင်သော်လည်း မိုးတွင်းကာလတွင် ရွှံ့များ၊ ပွက်အိုင်များဖြစ်ပေါ်လာသောကြောင့် ယာဉ်များ သွားလာရန်အတွက် ခက်ခဲလှပါသည်။

ရွာတွင်မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းမရှိပါသဖြင့် ရေကြောင်းသယ်ယူ ပို့ဆောင်ရေး မရှိပါ။

### (ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ လွယ်ငူးကျေးရွာတွင် မဟာဓါတ်အားလိုင်းအသုံးပြုသူ အိမ်ထောင်စု (၃၇)စု၊ ဆိုလာစနစ်ဖြင့် အသုံးပြုသူအိမ်ထောင်စု(၅)စုရှိပါသည်။ အချို့အိမ်ထောင်စုများ၊ မိသားစုများက လျှပ်စစ်မီးလျှောက်ထားခြင်း မရှိသေးပါ။ ရာခိုင်နှုန်းအားဖြင့် သတ်မှတ်ရ လျှင် (၉၀)ရာခိုင်နှုန်း အိမ်ထောင်စုများ လျှပ်စစ်မီးရရှိပြီး ဖြစ်ပါသည်။ လျှပ်စစ်မီးမရနိုင်သေး သော အိမ်ထောင်စုများလျှပ်စစ်မီးရရှိရန်အတွက် ရပ်ရွာမှစီမံကိန်းချထားလျှက်ရှိပါသည်။ လျှပ်စစ်မီးသွယ်တန်းခများကို ရပ်ရွာမှပံ့ပိုးငွေဖြစ် ကူညီသွားရန် ဖြစ်ပါသည်။

### (ဂ) သတင်းနှင့်ဆက်သွယ်ရေး

လွယ်ငူးကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၃၀)လုံး၊ ရေဒီယို(၅)လုံး၊ တီဗွီ(၁၁)လုံး၊ ဂြိုလ်တုစလောင်း(၆)ခုတို့ မှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

## ၇။ ပညာရေး

ကျွန်မတို့ရွာရှိ စာသင်ကျောင်းသည် ၁မိုင်ခန့်ကွာဝေးပြီး ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်းသွားလေ့ရှိပါသည်။ အမိုး၊ နံရံ၊ အခင်းသည် အရည်အသွေး ကောင်းမွန်ပြီး ကျောင်းသုံး ပရိဘောဂလုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာသည်လည်း ယင်လုံအိမ်သာဖြစ်သောကြောင့်

ကျောင်း၏ ကလေးများ ကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။ အထက်တန်း ကျောင်းကို လားရှိုးမြို့သို့ တက်ရောက်ရပါသည်။ စုစုပေါင်း (၄)ဦး ကျေးရွာခန့် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ ကျောင်းသားနှင့် ဆရာ/မ လုံလောက်မှုမရှိကြောင်း လေ့လာ တွေ့ရှိပါသည်။

မူလတန်းအဆင့်ပညာရေးတွင် ၁၀၀%တက်ရောက်သင်ကြားနိုင်ပါသည်။ အလယ်တန်း၊ အထက်တန်းအဆင့်တွင် တက်ရောက်နိုင်သော ကျောင်းသူ/ကျောင်းသားများနည်းပါးလာသည်။ တက္ကသိုလ်ပညာအဆင့်တွင် ၁ဦးသာပြီးမြောက် သင်ကြားနိုင်ခဲ့ပါသည်။ ထို့ကြောင့် ဘွဲ့ရပညာ တတ်များ အလွန့်အလွန်နည်းပါးလာပါသည်။ ဤကဲ့သို့ဖြစ်ရသော အကြောင်းရင်းများကို ဖော်ပြရလျှင် ထို အကြောင်းများကြောင့်သာ ဖြစ်နိုင်သည်။ မိသားစုဆင်းရဲနွမ်းပါးခြင်း၊ လုပ်ငန်းခွင်၌ ကူညီ လုပ်ဆောင်မည့်သူမရှိခြင်း၊ ပညာရေးစိတ်မဝင်စားခြင်း၊ အသက်အရွယ်မပြည့်ခင် အိမ်ထောင် ပြုခြင်းများကြောင့်ဖြစ်ပါသည်။ ရွာတွင် ကျောင်းမရှိသော်လည်း ဈေးကုန်းရွာသို့ သွားရောက်ပညာ သင်ကြားပါသည်။ မူလွန်တွဲကျောင်းသာဖြစ်ပြီး အဌမတန်းအထိသာ သင်ကြားခံယူနိုင်ပါသည်။ ကျောင်းသားဦးရေစုစုပေါင်း(၅၃၀)ခန့်သာရှိပါသည်။ ဆရာ/ဆရာမဦးရေ (၁၃)ဦး၊ ကျေးရွာခန့်(၁)ဦး အပါအဝင်ဖြစ်ပါသည်။ ကျောင်းသားနှင့်ဆရာမမညီမျှမှုကို တွေ့ရှိရပါသည်။ အဆောက်အဦး၃ ဆောင် သာရှိသော်လည်း ကျောင်းသားဦးရေများသဖြင့် ကျောင်းဆောင် လုံလောက်မှု ရှိပါသည်။

## ၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်တော်တို့ လွယ်ငူးကျေးရွာတွင် ကျွန်မတို့ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိ ပါသဖြင့် ကာကွယ်ဆေးကို ပုံမှန်ထိုးနှံကြပါသည်။ ဆရာမတို့မှကျေးရွာတွင် ကျန်းမာရေးဟောပြောပွဲ များ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးများဖြန်းပေးခြင်း၊ ကာကွယ်ဆေးများထိုးနှံပေးခြင်းကြောင့် ကျန်းမာရေး နှင့်ပတ်သက်၍ အချိန်မီကုသနိုင်ပါသည်။ အနီးပတ်ဝန်းကျင်ရွာများအတွက်လည်း လာရောက်ဆေးကုသ နိုင်သည့်အတွက် လွန်စွာအဆင်ပြေပါသည်။

ကျန်းမာရေး အသိပညာဗဟုသုတအားနည်းခြင်း၊ အစာကိုဆင်ခြင်စားသုံးခြင်း မရှိခြင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားမှုများ ပါသည်။ ရာသီအလိုက် ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပါသည်။ ကြိုတင်ကာကွယ်ခြင်းများ မရှိသောကြောင့် ဌက်ဖျားရော ဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သို့သော် ကျန်းမာရေးဌာနမှ ခြင်ဆေးများ ဖြန်းခြင်း၊ ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းကြောင့် ရောဂါပြန့်ပွားမှုနည်းပါသည်။

ကျွန်တော်တို့ကျေးရွာ၌ နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါ သည်။ နွေနှင့်ဆောင်းကာလတွင် သောက်သုံးရေကောင်းသော်လည်း မိုးရာသီတွင် အနည်းငယ်

အခက်အခဲရှိပါသည်။ မိုးရာသီတွင် မိုးရေများ များစွာစီးဆင်းမှုကြောင့် ရေနောက်ပြီး သောက်သုံးရန် အတွက် မသင့်ပေ။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိက အားထားနေရပါသည်။ အကယ်၍ စိုက်ပျိုးရေးအတွက် ချောင်းများမှဆည်များ တည်ဆောက်လျှက် မြေရရှိနိုင်လျှင် နွေမိုးဆောင်း စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။ ဝင်ငွေများနှင့် အလုပ်အကိုင်အခွင့်အလမ်းမှာလည်း ပိုမိုတိုးတက်လာ နိုင်မည်ဖြစ်ပါသည်။ ကျွန်မတို့ကျေးရွာတွင် အများအားဖြင့် အိမ်တိုင်းနီးပါးသန့်ရှင်းသော ရေလောင်း ယင်လုံအိမ်သာကိုသာ သုံးစွဲကြပါသည်။

### ၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လွယ်ငူးကျေးရွာသည် စိုက်ပျိုးရေးကို လုပ်ကိုင်သော ရွာဖြစ်သောကြောင့် စိုက်ပျိုးသည့် အချိန် တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံး ရပါ သည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်မတို့ရွာသည် သစ်တော သစ်ပင် မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များကို စိုက်ပျိုးခြင်း မရှိပါ။ ရွာတွင် ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက် နည်းပါးပါသည်။ သစ်ပင်များ ခုတ်လှဲမှုများ၍ သဘာဝအပင်မျိုးစိတ်များ ပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှု အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ဖျက်ပိုးများခရုများကျရောက်သည့်အချိန်တွင် နည်းပညာ အကူအညီများမရယူဘဲ နီးစပ်ရာအချင်းချင်း(သို့မဟုတ်)မိမိအစီအစဉ်ဖြင့်သာ ပိုးသတ်ဆေးများဖြန်း ၍ နှိမ်နင်းကြပါသည်။ စိမ့်စမ်းရေကို အဓိကသုံးစွဲကြသဖြင့် မိုးရာသီ၌ရေကြီးမှုနှင့် ရေတိုက်စားမှု များကြောင့် ရေတားတမံများပျက်စီးခြင်း၊ မြေပြိုခြင်းများ ဖြစ်နိုင်ပါသည်။ အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာ ချောင်းမြောင်းထဲတွင် စွန့်ပစ်ကြပါသည်။ အချို့အိမ်များသည် အမှိုက်များကို မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီးစွန့်ပစ်သည့် အလေ့အထများမရှိပါ။

### ၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်မတို့ကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အမျိုးသမီးများတက်ကြွစွာပါဝင် ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များပါဝင်မှု၊ ခေါင်းဆောင်မှုအားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများ၏ အခွင့် အရေးမှာ အမျိုးသားများနှင့်နှိုင်းစာလျှင် ရိုးရာယဉ်ကျေးမှုအရ အမျိုးသားများကသာ အိမ်ထောင် ကိုဦးစီးကြပါသည်။ အမျိုးသမီးအများစုမှာ လုပ်ငန်းခွင်နှင့်အိမ်မှုကိစ္စ၊ သားသမီး၊ မိသားစုအရေး

များအတွက်ဖြင့်သာ အချိန်ကုန်မြှပ်နှံထားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာ ပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။ ပတ်ဝန်းကျင်မြို့ပြနှင့် ဗဟုသုတဝေးကွာနည်းပါးလှပါသည်။ အမျိုးသမီးအများစုမှာ အုပ်ချုပ်ရေး အပိုင်းတွင် စိတ်ဝင်စားမှုအလွန်နည်းပါးလှပါသည်။ သာရေး/နာရေးချက်ပြုတ်ရေးကိစ္စများတွင် အမျိုးသားများ ထက်ပို၍ စွမ်းဆောင်နိုင်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်မှာနည်းပါးပါသည်။

## ၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် အနားယူအပန်းဖြေရန်နေရာများ၊ သာရေးနာရေးပြုလုပ်ရန်နေရာများ၊ ကျေးရွာ အစည်းအဝေးဟောပြောပွဲများ ပြုလုပ်ရန်နေရာများမရှိသောကြောင့် မဏ္ဍပ်များဈေးကြီးပေးပြီး ငှားရမ်းသုံးစွဲကြရပါသည်။ လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန် နေရာနှင့်အထောက်အကူပစ္စည်းများ မရှိပါ။ တအောင်းယဉ်ကျေးမှုအဖွဲ့အစည်း၊ ရှမ်းယဉ်ကျေးမှု အဖွဲ့အစည်း၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့အစည်းများရှိပါသည်။ မိမိတို့၏ ရိုးရာစာပေများကို နွေရာသီ ကျောင်းပိတ်ရက်တွင် သင်ကြားပေးလျှက်ရှိပါသည်။ ရိုးရာဓလေ့များ ထိန်းသိမ်းခြင်း၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်မှုများလည်း ရှိပါသည်။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာများနေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက် များမရှိပါ။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

စက်ဘီးခိုးမှု၊ အစားခြောက်ခိုးမှုစသည့်ဖြစ်စဉ်များ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လူကုန်ကူးမှုနှင့်အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှု အနည်းငယ်ရှိပါသည်။

# အပိုင်း (ခ)

## စီမံချက်ဆိုင်ရာ အချက်အလက်များ

## ၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက် (Project) | ဦးစားပေးအဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၁ | Â | Â | | | |
| ၂ | ပညာရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်ခြင်း | ၄ | Â | Â | Â | Â | Â |
| ၃ | ဂါလံ(၃၀၀၀)ဆန့်ရေကန်တည်ဆောက်ခြင်း | ၂ | | Â | Â | | |
| ၄ | စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲဖွင့်လှစ်ပို့ချခြင်း | ၃ | Â | Â | Â | Â | Â |
| ၅ | ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း | ၅ | | Â | Â | | |

**အပိုင်း (ခ)**

**စီမံချက်ဆိုင်ရာအချက်အလက်များ**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) လွယ်ငူးကျေးရွာ**

<table>
<tr><td colspan="2">ကျေးရွာ - လွယ်ငူးကျေးရွာ<br>ကျေးရွာအုပ်စု - နမ့်တွန်းကျေးရွာအုပ်စု<br>မြို့နယ် - လားရှိုးမြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် - ရှမ်းပြည်နယ်(မြောက်ပိုင်း)</td></tr>
<tr><td colspan="2">စီမံချက်အမည်- ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>• ကျေးရွာလမ်းတွင်ဖွက်များ၊ချိုင့်များဖြစ်နေသောကြောင့်ရွာသူ/သားများ၊ကျောင်းသူ/သားကျောင်းသွားကျောင်းပြန်ရာတွင်၄င်း၊သွားလာရာတွင်အခက်အခဲများရှိပါသည်။<br>• စီးပွားရေးအတွက်ရောင်းဝယ်ဖောက်ကားရာတွင်အခက်အခဲများဖြစ်စေပါသည်။</td></tr>
<tr><td colspan="2">စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)<br>• မိုးတွင်းကာလမိုးကြီးသည့်အခါများတွင်ဖွက်များ၊ချိုင့်များမရှိစေရန်၊<br>• ကျောင်းသားကျောင်းသူများပညာသင်ယူမှုတွင်သွားလာရအဆင်ပြေစေရန်၊</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ်<br>(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)<br>• လမ်းကောင်းမွန်မှုကြောင့်လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။<br>• ကျောင်းသား/ကျောင်းသူများပညာသင်ယူမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။<br>• လမ်းကောင်းမွန်မှုကြောင့်စီးပွားရေးရောင်းဝယ်မှုပိုမိုအဆင်ပြေလာမည်။<br>• ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)<br>• ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၈၀၀'× ၁၂'× ၆")</td></tr>
<tr><td colspan="2">စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့်အစီအစဉ်</td></tr>
<tr><td>• ၁၀၀၀၀၀၀၀(ငွေသား)</td><td>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန</td></tr>
</table>

| | |
|---|---|
| • ၄၁၅၀၀၀၀(ငွေသား)<br>• xxxxxxxx(ပစ္စည်း/လုပ်အား) | • ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၉၅ | ၉၃ | ၁၈၈ | ၂ | ၁၀ | ၃၀ | | ၄၂ |
| အကျိုးခံစားမည့်သူဦးရေ | ၉၅ | ၉၃ | ၁၈၈ | ၂ | ၁၀ | ၃၀ | | ၄၂ |
| မှတ်ချက်။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• **လွယ်ငူး**ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၆.၂.၂၀၂၁ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၅.၄.၂၀၂၁ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။<br>• လမ်းခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။<br>• လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။ |

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ**

**အစီ အစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။
- လမ်းပြုပြင်မှုနှင့် ပတ်သက်၍ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။
- လမ်းပြုပြင်မှုအားမပျက်စီးအောင်ကျေးရွာသူ/ကျေးရွာသားများအားလုံးထိန်းသိမ်းသွားပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

နောက်ဆက်တွဲ (၁)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

### နမ့်တွန်းကျေးရွာအုပ်စု၊ လွယ်ငူးကျေးရွာ

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဘာနဘတ်(ခ)ဦးဘာနာဘဒ် | ဦးကျာမော့ | ၁၃/လရန(နိုင်) ၀၄၅၁၈၁ | ၅၁ | ဥက္ကဋ္ဌ | ၀၉-၂၆၇၀၁၉၈၇၇ |
| ၂ | ဦးဆာမွေလှ | ဦးကျာခူ | ၁၃/လရန(နိုင်) ၁၄၂၃၅၂ | ၄၁ | အဖွဲ့ဝင် | |
| ၃ | ဒေါ်မာရီ | ဦးကြာဘူ | ၁၃/လရန(နိုင်) ၁၆၁၉၉၉ | ၂၈ | စာရင်းကိုင် | ၀၉-၄၅၈၄၀၆၄၂၁ |
| ၄ | ဦးကျာချီ | ဦးအာဖ | ၁၃/လရန(နိုင်) ၁၆၂၀၆၉ | ၂၈ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၁၈၈၂၂၇ |
| ၅ | ဒေါ်ဂျူလီ | ဦးကျာဘို | ၁၃/လရန(နိုင်) ၂၄၀၅၀၁ | ၂၀ | သော့ကိုင် | ၀၉-၈၉၈၃၆၆၇၆ |
| ၆ | ဒေါ်နာတော့ | ဦးကျာဖ | ၁၃/လရန(နိုင်) ၂၀၇၅၂၀ | ၄၀ | သော့ကိုင် | ၀၉-၇၇၀၃၁၆၇၆၉ |
| ၇ | ဦးလေဒီစတုန်း | ဦးကျာဘူ | ၁၃/လရန(နိုင်) ၁၄၀၉၁၀ | ၃၂ | အတွင်းရေးမှူး | ၀၉-၇၈၀၅၀၄၈၂၂ |

## ဝယ်ယူရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဆာမွေလှ | ဦးကျာခူ | ၁၃/လရန(နိုင်) ၁၄၂၃၅၂ | ၄၁ | ဥက္ကဋ္ဌ | |

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | ဒေါ်ဂျူလီ | ဦးကျာဘို | ၁၃/လရန(နိုင်) ၂၄၀၅၀၁ | ၂၀ | စာရင်းကိုင် | ၀၉-၈၉၈၃၆၆၆၇၆ |
| ၃ | ဒေါ်နာတော့ | ဦးကျာဖ | ၁၃/လရန(နိုင်) ၂၀၇၅၂၀ | ၄၀ | ဘဏ္ဍာရေးမှူး | ၀၉-၇၇၀၃၁၆၇၆၉ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | ၁ | ၁ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၆ | ၆ | ၁၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၇ | ၁၁ | ၁၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၁၁ | ၂၆ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၁ | ၅၇ | ၁၁၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၇ | ၅ | ၁၂ | | |
| **စုစုပေါင်း** | | **၉၅** | **၉၃** | **၁၈၈** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | ၄၂ | | | | |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။မွေးကင်းစကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ မိဘအများစုသည် ကလေးများကို ကာကွယ်ဆေးထိုးပေးကြပြီး တစ်ချို့သောမိဘများသည် ကလေးများ ဖျားနာမည်စိုးသောကြောင့် ကာကွယ်ဆေးမထိုးပေးကြပါ။ မိဘအများစုသည် ၃နှစ်မှ၅နှစ်အထိ ကလေးငယ်များကို မူကြို ကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊

အစ်မများ၊ ဘိုးဘွားများကထိန်းကျောင်းပေးပြီး မိဘများကဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည်(၆)နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ ကျွန်မတို့လွယ်ငူးကျေးရွာတွင် အလုပ်လုပ်ကိုင်နေကြသော ဖခင်နှင့်မိခင်အများစုဖြစ်ပြီး သား/သမီးတို့သည် ကျောင်းတက်ခြင်းနှင့် ငွေရှာခြင်းရှိသည်။ အလုပ်လုပ်ကိုင်နေသောလူဦးရေမှာ(၆၆)ဦးဖြစ်ပြီး ကျန်(၁၂)ယောက်မှာ အသက်ကြီးသူဖြစ်ပြီး သား/သမီးလုပ်ကျွေးခြင်းသာဖြစ်ပါသည်။ လူငယ်များသည်လည်း ကျောင်းနားချိန်တွင် မိဘများကို အလုပ်ဝိုင်းကူလုပ်ကြပါသည်။ စပါးတိုးငွေတိုးများကများသောကြောင့် ပြန်ဆပ်ချိန်တွင် စပါးအထွက်မကောင်းလျှင် ဝမ်းစာအတွက် အဆင်မပြေသောမိသားစုများလည်းရှိသည်။ ကျွန်မတို့ရွာတွင် အလုပ်လုပ်ကိုင်သူများပြီးထိုင်စားသူမှာ အနည်းငယ်သာရှိသည်။ အလုပ်လုပ်ကိုင်သူများသည် စားဝတ်နေရေးပြေလည်ရုံနှင့် အကြွေးဆပ်နိုင်ရုံသာဖြစ်သည်။ တစ်နှစ်လုပ်တစ်နှစ်စားဖြစ်ပြီး တစ်ချို့အိမ်ထောင်စုများသည် တစ်နှစ်စာမလုံလောက်ပါ။ ကျွန်မတို့ရွာတွင် ကိုယ်ပိုင်ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ရွှေ့ပြောင်းတောင်ယာဖြစ်သောကြောင့် အထွက်နှုန်းလည်းမတူညီကြပါ။

## (ခ) အလုပ်လုပ်နိုင်သူအင်အား

### (ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၁ | ၆၆ | | ၃၆ | ၃၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□နိမ့် □ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ် ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၁ | ၂၆ | | ၁၅ | ၁၁ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၄၂ | ၉၂ | | ၅၁ | ၄၃ | | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**”အရေအတွက်တွင်“**မိသားစုဝင်လုပ်အား**”**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု**

**(နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်မတို့ရွာတွင် ကိုယ်ပိုင်ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါသည် ။ ရွှေ့ပြောင်းတောင်ယာဖြစ်သောကြောင့် အထွက်နှုန်းလည်းမတူညီကြပါ။ ကျွန်မတို့လွယ်ငူးကျေးရွာတွင် အလုပ်လုပ်ကိုင်နေကြသော ဖခင်နှင့်မိခင်အများစုဖြစ်ပြီး သား/သမီးတို့သည် ကျောင်းတက်ခြင်းနှင့် ငွေရှာခြင်းရှိသည်။ အလုပ်လုပ်ကိုင်နေသောလူဦးရေမှာ (၆၆)ဦးဖြစ်ပြီး ကျန်(၁၂)ယောက်မှာ အသက်ကြီးသူဖြစ်ပြီး သား/သမီးလုပ်ကျွေးခြင်းသာ ဖြစ်ပါသည်။ လူငယ်များသည်လည်း ကျောင်းနားချိန်တွင် မိဘများကို အလုပ်ဝိုင်းကူလုပ်ကြပါသည်။ စပါးတိုးငွေတိုးများသောကြောင့် ပြန်ဆပ်ချိန်တွင် စါပးအထွက်မကောင်းလျှင် ဝမ်းစာအတွက် အဆင်မပြေသောမိသားစုများလည်းရှိသည်။ ကျွန်မတို့ရွာတွင် အလုပ်လုပ်ကိုင် သူများပြီး ထိုင်စားသူမှာ အနည်းငယ်သာရှိသည်။ အလုပ်လုပ်ကိုင်သူများသည် စားဝတ်နေရေးပြေလည်ရုံနှင့် အကြွေးဆပ်နိုင်ရုံသာဖြစ်သည်။ တစ်နှစ်လုပ်တစ်နှစ်စားဖြစ်ပြီး တစ်ချို့အိမ်ထောင်စုများသည် တစ်နှစ်စာမလုံလောက်ပါ။ ကျွန်မတို့ရွာတွင် ကိုယ်ပိုင်ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါသည် ။ ရွှေ့ပြောင်းတောင်ယာဖြစ်သောကြောင့် အထွက်နှုန်းလည်းမတူညီကြပါ။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | သင်တန်း ပေးသူ စသည်) | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ ကွန်မတို့ရွာတွင် လခစားအလုပ်သမား၏ တစ်ရက်ဝင်ငွေမှာ ကျား၊ မ၊ တစ်ရက်လျှင် (၆၀၀၀) ရပါသည်။ ကျား/မမခွဲခြားဘဲ တန်းတူအခွင့်အရေးရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
